# Nineteenth Sunday in Ordinary Time (C)

## 1st READING: *Wisdom 18:6-9*

ပညာပါရမီကျမ်း ၁၈း ၆–၉

ငါတို့ဘိုးဘေးများသည်ထိုညကိုကြိုတင်သိရှိခဲ့ကြပြီးသူတို့ယုံကြည်သောကတိများကိုလည်းသေချာစွာသိနားလည်လျက်ရဲဝံ့စွာခွန်အားယူနိုင်ခဲ့ကြ၏။ကိုယ်တော်၏လူမျိုးတော်သည်ဖြောင့်မတ်သောသူတို့၏ကယ်တင်ခြင်းနှင့်ဆိုးမိုက်သောသူတို့၏ပျက်စီးခြင်းကိုစောင့်မျှော်ခဲ့ကြ၏။ အကြောင်းမူကား၊ကိုယ်တော်သည်တပည့်တော်တို့၏ရန်သူများကိုအပြစ်ဒဏ်ခတ်သောအခါကိုယ်တော်ရွေးကောက်တော်မူပြီးတပည့်တော်တို့အားဤလုပ်ရပ်ဖြင့်ဘုန်းဂုဏ်တော်၌ချီးမြှောက်တော်မူ၏။ ဖြောင့်မတ်သောသူတို့၏သန့်ရှင်းသူသားသမီးတို့သည်ယဇ်ပူဇော်ခြင်းများကိုလျှို့ဝှက်၍ဘုရားသခင်၏ဥပဒေတော်ကိုတစ်ညီတစ်ညွတ်တည်းလိုက်နာကျင့်သုံးကြလျက်သန့်ရှင်းသူတို့သည်ကောင်းကြီးမင်္ဂလာတော်များနှင့်ဘေးအန္တရာယ်များကိုတူညီစွာဝေမျှကြမည်ဟုခံယူကြကာဘိုးဘေးတို့၏မြင့်မြတ်သောချီးမွမ်းထောမနာပြုခြင်းကိုကျူးရင့်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm     Psalms 33:1, 12, 18-19, 20-22

ဆာလံကျမ်း ၃၃

**သံပြိုင်။** ။ ထာဝရဘုရားကိုမိမိတို့၏ဘုရားအဖြစ်အသိအမှတ်ပြုသောလူမျိုးသည်မင်္ဂလာရှိ၏။
Blessed the people the Lord has chosen to be his own.

၁။ ။ အိုဖြောင့်မတ်သောသင်တို့ထာဝရဘုရား၌ရွှင်လန်းဝမ်းမြောက်ကြလော့။ ထောမနာပြုခြင်းသည်ဖြောင့်မတ်သူတို့အတွက် သင့်လျော်ပေ၏။ ထိုလူမျိုးတို့ကိုဘုရားသခင်သည်မိမိ၏အမွေခံအဖြစ်ရွေးချယ်တော်မူ၏။ **(သံပြိုင်)**
Exult, you just, in the LORD; praise from the upright is fitting. Blessed the nation whose God is the LORD, the people he has chosen for his own inheritance.

၂။ ။ သို့သော်ထာဝရဘုရားသည်မိမိအားကြောက်ရွံ့သောသူအပေါင်းတို့နှင့်ခိုင်မြဲသောမေတ္တာတော်ကိုမျှော်လင့်ကိုးစားသောသူအပေါင်းတို့အားသေဘေးမှကင်းလွတ်စေပြီး၊အစာခေါင်းပါးသည့်ကာလ၌အသက်ရှင်စေရန်ကြည့်ရှုလျက်ရှိတော်မူ၏။ **(သံပြိုင်)**
See, the eyes of the LORD are upon those who fear him, upon those who hope for his kindness, To deliver them from death and preserve them in spite of famine.

၃။ ။ ငါတို့သည်ထာဝရဘုရားကိုမျှော်လင့်ကိုးစားပါ၏။ကိုယ်တော်သည်ငါတို့အားကူညီမစသူ၊ အကာအကွယ်ပေးသူဖြစ်တော်မူ၏။တပည့်တော်တို့သည်ကိုယ်တော်ကိုမျှော်လင့်ကိုးစားကြသည်နှင့်အညီကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်ကိုတပည့်တော်တို့အပေါ်သက်ရောက်စေတော်မူပါ။ **(သံပြိုင်)**
Our soul waits for the LORD, who is our help and our shield. May your kindness, O LORD, be upon us who have put our hope in you.

## 2nd READING : *Hebrews 11:1-2,8-19*

ဟီဘရူးသြဝါဒစာ ၁၁း၁–၂။၈။ ၈၊ ၈–၁၉

ယုံကြည်ခြင်းဆိုသည်မှာမိမိတို့မျှော်လင့်ထားသည့်အရာ၏ အာမခံချက်နှင့်မမြင်နိုင်သေးသည့်အကိုစွဲလမ်းအသိအမှတ်ပြုခြင်းပင်ဖြစ်သည်။အကြောင်းမူကားငါတို့၏ဘိုးဘေးတို့သည်သူတို့ယုံကြည်ခြင်းကြောင့်ဘုရားသခင်၏ ချီးမွမ်းအသိမှတ်ပြုတော်မူခြင်းကိုခံခဲ့ကြရ၏။ အာဘရာဟမ်သည်မိမိအားအမွေခံအဖြစ်ကတိထားတော်မူသောတိုင်းပြည်သို့သွားရန်ဘုရားသခင်ခေါ်တော်မူသောအခါ၊သူသည်မည်သည့်အရပ်သို့သွားရမည်ကိုမသိပဲလျက်ပင်၊ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်ကိုနာခံ၍ထိုတိုင်းပြည်သို့ထွက်ခွာသွားလေ၏ ။ယုံကြည်ခြင်းဖြင့်သူသည်ကတိထားတော်မူသောထိုတိုင်းပြည်၌ဧည့်သည်အဖြစ်နေထိုင်ခဲ့လေ၏ ။သူသည်မိမိနည်းတူကတိတော်ကိုခံစားရသောအီဇက်၊ယာကုပ်တို့ကဲ့သို့တဲထိုး၍နေထိုင်ခဲ့။အကြောင်းမှာအာဘရာဟမ်သည်ဘုရားသခင်စီမံတည်ဆောက်ထားသည့်အုတ်မြစ်ချထားသောမြို့တော်ကိုမျှော်လင့်စောင့်စားလျက်နေသူဖြစ်၏ ။အာဘရာဟမ်၏ ဇနီးဆာရာသည်အရွယ်လွန်သော်လည်းသူမ၏ ယုံကြည်ခြင်းအားဖြင့်ပဋိသန္ဓေတည်နိုင်သောကျေးဇူးကိုရရှိခဲ့၏ ။အကြောင်းမူကားဘုရားသခင်သည်သူမသည်မိမိအားကတိထားတော်မူသောသစ္စာတည်တော်မူမည်ကိုသူမယုံကြည်၏ ။သို့ဖြစ်၍အာဘရာဟမ်သည်လူသေနှင့်တူသောစွမ်းရည်မရှိအရွယ်လွန်သူအဖြစ်သို့ရောက်သော်လည်းသူမှဆင်းသက်လာသောသားစဉ်မြေးဆက်သည်ကားမြောက်မြားလှစွာသောကောင်းကင်ရှိကြယ်များကဲ့သို့လည်းကောင်း၊ပင်လယ်ကမ်းခြေရှိမရေမတွက်နိုင်သောသဲပွင့်များကဲ့သို့လည်းကောင်း၊များပြားလှပေသတည်း။ဤသူအပေါင်းတို့သည်ကတိတော်နှင့်စပ်ဆိုင်သောကျေးဇူးများကိုမခံစားရမီဘုရားသခင်၌ယုံကြည်လျှက်သေဆုံးခဲ့ကြ၏ ။သူတို့သည်ကျေးဇူးတော်ကုမျှော်လင့်ကာအဝေးမှမြင်၍ဝမ်းသာစွာကြိုဆိုခဲ့ကြပြီ။ကမ္ဘာမြေကြီးပေါ်တွင်ဧည့်သည်အာဂန္တုများဖြစ်ကြကြောင်းကိုလည်းပွင့်လင်းစွာဝန်ခံခဲ့ကြ၏။ အကြောင်းမူကားထိုသို့ဝန်ခံသောသူတို့ကမိမိတို့သည်ကိုယ်ပိုင်တိုင်းပြည်တစ်ခုကိုရှာလျက်နေကြောင်းသိသာထင်ရှားစေကြ၏ ။ထိုသူတို့သည်ယခင်ကမိမိတို့ထွက်ခွာခဲ့သည့်ပြည်ကိုတမ်းတကြသည်မှန်လျှင်ထိုပြည်သို့ပြန်ရန်အခွင့်အလမ်းရှိကြ၏ ။သို့သော်သူတို့သည်ထိုပြည်ကိုမတမ်းတကြပဲထိုပြည်ထက်ပိုကောင်းသောကောင်းကင်ရွှေပြည်တော်ကိုတမ်းတကြ၏ ။ထို့ကြောင့်ဘုရားသခင်သည်သူတို့၏ ဘုရားဟူ၍ခေါ်ခံရခြင်းကိုရှက်တော်မမူ။ ကိုယ်တော်သည်သူတို့နေထိုင်ရန်မြို့တော်ကိုတည်ဆောက်တော်မူခဲ့လေသည်။အာဘရာဟမ်သည်ဘုရားသခင်၏ စမ်းသပ်စစ်ဆေးခြင်းကိုခံရသောအခါ ယုံကြည်ခြင်းအားဖြင့်သားအီဇက်ကိုပူဇော်လေ၏ ။သင်၏ အမျိုးအနွယ်အီဇက်၌သာပွားများလိမ့်မည်ဟူသောဗျာဒိတ်တော်မှစ၍ကတိတော်များကိုရရှိခဲ့သောသူသည်မိမိ၏ တစ်ဦးတည်းသောထိုသားကိုပူဇော်ရန်အဆင်သင့်ရှိခဲ့၏ ။ဘုရားသခင်သည်သေသောသူတို့ကိုပြန်လည်အသက်ရှင်စေနိုင်ကြောင်းကိုအာဘရာဟမ်ယုံကြည်၏ ။သူသည်မိမိ၏သားကိုသေရာမှပြန်လည်ရရှိသည်ဟုပုံဆောင်၍ပြောဆိုနိုင်ခဲ့၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Luke 12:32-48*

ရှင်လုကာဧဝံဂေလိကျမ်း   ၁၂း၃၂–၄၈

အိုသိုးစုငယ်၊မကြောက်ရွံ့နှင့်၊အကြောင်းမူကား၊သင်တို့အဖသည်နိုင်ငံတော်ကိုသင်တို့အားပေးရန်အလိုရှိတော်မူ၏ ။ သင်တို့ပိုင်ဆိုင်သောအရာများကိုရောင်းချ၍ပေးကမ်းစွန့်ကြဲကြလော၊မဟောင်းမဆွေးနိုင်သောပိုက်ဆံအိတ်ကိုလည်းကောင်း၊ပိုးလည်းမဖောက်နိုင်သူခိုးလည်းမခိုးနိုင်။မကုန်ခန်းနိုင်သောကောင်းကင်ဘဏ္ဍာကိုလည်းကောင်းရှာဖွေစုဆောင်းကြလော့။ အကြောင်းမူကား၊သင်၏ဥစ္စာဘဏ္ဍာရှိသောအရပ်၌သင်၏စိတ်နှလုံးလည်းရှိ၏ ။သင်တို့သည်ခါးပန်းစည်းလျက်ဆီမီးခွက်များကိုထွန်းညှိထားကြလော့။မိမိတို့သခင်သည်မင်္ဂလာဆောင်ဧည့်ခံပွဲမှပြန်လာ၍တံခါးခေါက်သောအခါ၊ချက်ချင်းတံခါးဖွင့်ပေးနိုင်မည့်အကြောင်းသူလာမည့်အချိန်ကိုစောင့်မျှော်နေသောအစေခံများကဲ့သို့ဖြစ်ကြလော့။သခင်ပြန်လာသောအခါ၊နိုးကြားစွာစောင့်နေကြသည်ကိုတွေ့ရသောအစေခံတို့သည်မင်္ဂလာရှိကြ၏ ။သင်တို့အားငါအမှန်ဆိုသည်ကားသခင်သည်ခါးကိုစည်းလျက်ထိုအစေခံတို့ကိုစားပွဲ၌ထိုင်စေပြီးမှကိုယ်တိုင်ဧည့်ခံကျွေးမွေးလိမ့်မည်။သခင်သည်ဒုတိယယံ၌ဖြစ်စေ၊တတိယယံ၌ဖြစ် စေပြန်လာသောအခါသူ့ကိုစောင့်မျှော်နေသောအစေခံတို့ကိုတွေ့လျှင်ထိုသူတို့သည်မင်္ဂလာရှိကြ၏ ။ သူခိုးလာမည့်အချိန်ကိုအိမ်ရှင်သိပါလျှင်မိမိအိမ်ကိုမဖောက်ထွင်းစေရန်ဧကန်မုချစောင့်နေလိမ့်မည်ကိုသိမှတ်ကြလော့။သင်တို့သည်လည်းအဆင်သင့်ရှိကြလော့။အကြောင်းမူကား၊သင်တို့မမျှော်လင့်သောအချိန်၌လူသားသည်ကြွလာလိမ့်မည်ဟုမိန့်တော်မူ၏ ။ထိုအခါပေတရုကသခင်ဘုရား၊ကိုယ်တော်သည်ဤပုံဥပမာကိုတပည့်တော်တို့အတွက်မိန့်တော်မူပါသလော့။သို့မဟုတ်လူအားလုံးတို့အတွက်လောဟုမေးလေ၏ ။ကိုယ်တော်ကလည်းအိမ်သူအိမ်သားများကိုကြည့်ရှုရန်နှင့်စားစရာများကိုအချိန်မှန်တည်ခင်းကျွေးရန်အရှင်သခင်ကခန့်ထားသည့်သစ္စာသမာဓိနှင့်ပညာရှိသောအစေခံသည်မည်သူနည်း။ အရှင်သခင်ပြန်လာသောအခါဤသို့ဆောင်ရွက်နေသည်ကိုတွေ့ရသောဤအစေခံသည်မင်္ဂလာရှိ၏ ။သင်တို့အားငါအမှန်ဆိုသည်ကား၊အရှင်သခင်သည်ထိုအစေခံအားမိမိဥစ္စာပစ္စည်းများကိုစီမံအုပ်ချုပ်ရန်အပ်နှင်းလိမ့်မည်။ထိုသို့မဟုတ်ဘဲအစေခံကငါ၏အရှင်သခင်ပြန်လာရန်ကြန့်ကြာလိမ့်မည်ဟုမိမိစိတ်ထဲ၌ဆို၍အစေခံယောကျ်ား၊မိန်းမတို့ကိုရိုက်နှက်လျက်သောက်စားမူးယစ်နေလေ၏ ။သူမျှော်လင့်မထားသောနေ့ရက်နှင့်သူမသိသောအချိန်နာရီ၌ထိုအစေခံ၏အရှင်သခင်ပြန်ရောက်လာသောအခါ၊သူ့ကိုဒဏ်ခတ်၍သစ္စာမဲ့သူတို့နှင့်အတူနေရာချထားလိမ့်မည်။မိမိသခင်၏အလိုဆန္ဒကိုသိထားပါသော်လည်းသခင်၏အလိုအတိုင်းပြင်ဆင်ဆောင်ရွက်မထားသောအစေခံသည်ကြိမ်ဖြင့်ပြင်းထန်စွာရိုက်နှက်ဒဏ်ပေးခြင်းကိုခံရလိမ့်မည်။သို့သော်အစေခံတစ်ယောက်သည်ကြိမ်ဒဏ်သင့်မည့်အမှုကိုမသိသောကြောင့်ပြုမိပါကအနည်းငယ်သာကြိမ်ဒဏ်ခံရလိမ့်မည်။များစွာကျေးဇူးခံစားရသောသူဟူသမျှသည်များစွာပေးဆပ်ရလိမ့်မည်။လူအများကများစွာယုံကြည်အပ်နှံခြင်းခံရသူထံမှသူတို့သည်များစွာကိုတောင်းခံကြလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။